# ပြည်သူတို့၏ အခြေခံရပိုင်ခွင့်များ[၂]




ပြင်ဆင်ချက်များတွင် ပါရှိသော ရပိုင်ခွင့်အတော်များများသည် ဗြိတိသျှအုပ်စိုးမှုအောက်တွင် ဗြိတိသျှရော အမေရိကန်တို့ပါ ကြုံတွေ့ရသည်များမှ ဖြစ်ထွန်းလာခြင်း ဖြစ်ပါသည်။ ထို့ကြောင့်ပင် ပုဂ္ဂိုလ်ရေးလွတ်လပ်မှုနှင့် ဒီမိုကရေစီတို့သည် နီးနီးစပ်စပ် ယှက်နွယ်လျက်ရှိကြောင်းကို အမေရိကန်ပြည်ထောင်စုကို တည်ထောင်ခဲ့သူ မျိုးဆက်က သဘောပေါက် ခဲ့ခြင်းဖြစ်လေသည်။ ဥပမာ ပထမပြင်ဆင်ချက် မိန့်ခွန်း စာသားသည် လွတ်လပ်သော အစိုးရအတွက် အခြေခံအုတ်မြစ်ဖြစ်ကြောင်း တစ်ကမ္ဘာလုံးကပင် လက်ခံထားပါသည်။ တရားသူကြီး ဘင်ဂျမင်ကာဒိုဇိုက–

“[ပြည်သူတို့၏ အခြေခံရပိုင်ခွင့်ဥပဒေသည်] တခြားလွတ်လပ်မှု ပုံစံအားလုံးနီးပါးအတွက် စံနမူနာပင်ဖြစ်သည်”ဟူ၍ ၁၉၃၇ ခုနှစ်က ရေးသားခဲ့ဖူးပါသည်။

အာဏာရှင်နိုင်ငံများတွင်မူအစိုးရ၏ အခွင့်အာဏာမှာ ပြည်သူများအပေါ် သက်ဦးဆံပိုင်ဝါဒ ကျင့်ကြံရန်သာ ဖြစ်နေသည်။ ယနေ့တိုင်အောင်ပင် အာဏာရှင်များအုပ်စိုးမှုအောက်တွင် ဝရမ်းမပါဘဲ ရှာဖွေဖမ်းဆီးခြင်းများကို ပြုလုပ်လျက်ရှိပါသည်။ အမှုစစ်ဆေးခြင်း သို့မဟုတ် အာမခံပေးခြင်း မရှိဘဲ ကာလကြာရှည်လည်း ထိန်းသိမ်းထားတတ်ကြသည်။ သူတို့၏ နိုင်ငံရေးဆန့်ကျင်ဘက်များကို ညှင်းပန်း နှိပ်စက်ခြင်း၊ အကျဉ်းနည်းဖြင့် စစ်ဆေးစီရင်ခြင်း၊ အကြမ်းနည်းဖြင့် နှိပ်ကွပ်ခြင်းတို့ဖြင့် နှိမ်နင်းတတ်ကြသည်။ ပြစ်မှုများကို တရားစီရင်ရာတွင် မည်မျှအထိ တော်တည့်ဖြောင့်မတ်မှုရှိသည်ဆိုသော အချက်သည် ထိုအစိုးရအနေဖြင့် မည်မျှအထိ ဒီမိုကရေစီကျသည်ဆိုသော အချက်၏ မှတ်ကျောက်ပင် ဖြစ်လေသည်။

အချိန်ကာလနှင့်အတူ တချို့ရပိုင်ခွင့်များ၏ အနက်အဓိပ္ပာယ်သည် တစ်မျိုးတစ်မည်ပြောင်းလဲသွားသည်များလည်း ရှိပါသည်။ ဥပမာ တစ်ကိုယ်ရေလွတ်လပ်ခွင့်ကို ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဆိုင်ရာ အဘိဓာန်ထဲ၌ ထပ်မံထည့်သွင်းခြင်းမျိုး ဖြစ်ပါသည်။ မည်သို့ပင် ပြောင်းစေကာမူ ပြည်သူများ၏ ရပိုင်ခွင့်များကမူ အမေရိကန်တစ်ဦးအတွက် အရေးအကြီးဆုံးအဖြစ် တည်ရှိမြဲရှိနေပါသည်။ ထို့ကြောင့်ပင် အမေရိကန်ပြည်ထောင်စုသည် စံပြနိုင်ငံအဖြစ် ရှိလာသည်။ နိုင်ငံ၏ အစဉ်အလာရပိုင်ခွင့်များကလည်း အမေရိကန်တို့၏

အတွေ့အကြုံများကို ထင်ဟပ်နေပေသည်။

အခြားသောနိုင်ငံများတွင် ၎င်းတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများ ရှိနေသည်။ ယင်းမှာ ထိုနိုင်ငံ၏ နိုင်ငံသားဖြစ်ခြင်း၊ အခြေခံ အကြောင်းချင်းရာ (လူမျိုးစုရေးရာ၊ မျိုးရိုးဇာစ်မြစ်၊ ဘိုးဘွားစဉ်ဆက်၊ ဘာသာတရား အပြင် သမိုင်းကြောင်း) များတွင် တူညီခြင်းတို့ ဖြစ်ပါသည်။ သို့သော် အမေရိကန်လူမျိုးများ ကြားတွင် တူညီမှုဆိုသည်က မရှိသလောက်ပင် ဖြစ်သည်။ စင်စစ် အမေရိကန်ပြည်ထောင်စု သည် ကမ္ဘာပေါ်တွင် လူမျိုး အစုံဆုံးသော နိုင်ငံ ဖြစ်ပါသည်။ အမေရိကန်နိုင်ငံသားများသည် ကမ္ဘာပေါ်ရှိ နိုင်ငံအားလုံးဆီမှ ဝင်လာကြသူများ ဖြစ်ပါသည်။ သူတို့တစ်တွေသည် ခရစ်ယာန် ဘုရားကျောင်းတစ်ခုတည်းမှာ ဝတ်ပြုကြသူများ မဟုတ်ချေ။ ၎င်းတို့သည် ခရစ်ယာန် ဘုရားကျောင်းများ၊ ရေဟူဒီဘုရားကျောင်းများ၊ ဗလီများ၊ ဟိန္ဒူဘုရားကျောင်းများနှင့် တခြားသော ဘုရားကျောင်းထောင်ပေါင်း များစွာတွင် သက်ဆိုင်ရာ ဘာသာအလိုက် ဝတ်ပြုဆုတောင်းကြသည်။

အမေရိကန်ပြည်ထောင်စု သမိုင်းသည် သည်နိုင်ငံ၏ သမိုင်းကြောင်း သက်သက်မျှ မဟုတ်ချေ။ နိုင်ငံတွင်းသို့ ပြောင်းရွှေ့ဝင်ရောက်လာသူ လူသန်းပေါင်းများစွာ၏ သမိုင်းဖြစ်ပါသည်။ ၁၆၁၉ ခုနှစ် မေဖလားဝါး သင်္ဘောဖြင့် ဝင်ရောက်လာသူများမှ ဆင်းသက်ပေါက်ဖွားလာသည်ဟု ဆိုသော အမေရိကန်တချို့နှင့် အမေရိကန်ပြည်တွင်းစစ်တွင် ၎င်းတို့၏ ဘိုးဘေးများ ပါဝင်တိုက်ခိုက်ခဲ့သည် ဆိုသော သူများရှိသော်ငြား အများစုကြီးကမူ သူတို့၏ ဆွေမျိုးသားချင်းများမှာ ၂၀ ရာစုအတွင်း ဥရောပနှင့် အာရှ စစ်ပွဲများ၌ အားလုံးဆုံးပါးသွားခဲ့ကြပြီဖြစ်သည်။ သူတို့တစ်တွေသည် အဝတ်တစ်ထည် ကိုယ်တစ်ခုဖြင့် ရောက်လာကြသူတွေသာများသည်။

သည်လူမျိုးပေါင်းစုံကို အမေရိကန် လူမျိုးတစ်မျိုးတည်းအဖြစ် ပေါင်းစည်းပေးထားခြင်းမှာ တစ်ဦးချင်းလွတ်လပ်မှုဟူသည် လွတ်လပ်သော အစိုးရအဖွဲ့အတွက် မရှိမဖြစ် အရေးကြီးသော အချက်ဖြစ်သည်ဆိုခြင်း အပေါ် ယုံကြည်မှုပင် ဖြစ်လေသည်။ လူအမြောက်အမြားသေဆုံးရသော ပြည်တွင်းစစ်ကာလတွင် အေဘရာဟင် လင်ကွန်းက အမေရိကန်ပြည်ထောင်စုကို "ကမ္ဘာမြေပေါ်မှ နောက်ဆုံးသော အကောင်းဆုံးမျှော်လင့်ချက်" ဟူ၍ ပြောခဲ့သည်။ ယင်းမှာ အမေရိကန်ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်သူများသည် တခြားနိုင်ငံများမှ လူတွေ ထက်သာလွန်မြင့်မြတ်သည်ဟု ဆိုလိုရင်း မဟုတ်ချေ။ သူ၏ ဆိုလိုရင်းမှာ လွတ်လပ်သော အစိုးရအဖွဲ့ကို စံပြတည်ထောင်ခြင်းနှင့် အခြေခံရပိုင်ခွင့်များကို ကာကွယ်စောင့်ရှောက်ထားခြင်းကြောင့် ဒီမိုကရေစီစနစ် အခြေတည် ရှင်သန်လာခြင်းကို ဖြစ်ပါသည်။

သည်အက်ဆေးများမှ သိသာထင်ရှားသည့် အချက်က အထက်ပါ ရပိုင်ခွင့်များသည် အရေးကြီးကြောင်းကို အမေရိကန်များကြားတွင် ကျယ်ကျယ်ပြန့်ပြန့် သဘောတူလက်ခံထားခြင်းပင် ဖြစ်ပါသည်။ အလားတူပင် အချို့သော ရပိုင်ခွင့်များကို ကျင့်သုံးပုံနှင့် ပတ်သက်၍ သဘောထားမကြိုက်ညီမှုများလည်း ရှိနေပါသည်။ ဥပမာ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကဲ့သို့သော ကိစ္စမျိုးဖြစ်သည်။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကြောင့် အမေရိကန်နိုင်ငံတော် အလံကို မီးရှို့ဆန္ဒပြခြင်း၊ သို့မဟုတ် အင်တာနက်ထဲတွင် ညစ်ညမ်းပုံတွေထည့်ခြင်းမျိုးကို တားဆီးနိုင်ပါမည်လား။ နိုင်ငံအတွက် ဘာသာတစ်ခုခုကို ကွန်ဂရက်လွှတ်တော်က မတည်ထောင်ရဆိုခြင်းကြောင့် ဘာသာရေးအတွက် အစိုးရက အထောက်အပံ့များ မပေးကမ်းရတော့ပြီလား။ ရက်စက်ကြမ်းကြုတ်လွန်းသော ပြစ်မှုများအတွက်သာလျှင် သေဒဏ်ကို ထားရှိရမည်လား။

အထက်ပါမေးခွန်းများက အမေရိကန်များအတွက် အချေအတင် ဆွေးနွေးစရာများ ဖြစ်နေပါသည်။ ထိုပြင် လူမျိုးပေါင်းစုံရှိနေသော လူ့အဖွဲ့ အစည်းတစ်ရပ်တွင် ရပိုင်ခွင့်များနှင့်ပတ်သက်၍ သန်ရာသန်ရာ ဖွင့်ဆိုသည် များလည်း ရှိပါသည်။ ထိုသို့ အဓိပ္ပာယ်ဖွင့်ဆိုချက်များနှင့်ပတ်သက်၍ အချေအတင်များရှိနေခြင်းကပင်လျှင် လွတ်လပ်မှု၏ သဘောတရား အမျိုးမျိုးရှိကြောင်းကို အသိအမှတ်ပြုခြင်းပင် ဖြစ်လေသည်။

စင်စစ် လွတ်လပ်သော လူ့အဖွဲ့အစည်းတိုင်းတွင် လွတ်လပ်မှုနှင့် တာဝန်ဝတ္တရားကြား၌ မလွှဲမရှောင်သာ တင်းမာမှုများ ရှိတတ်စမြဲ ဖြစ်ပါသည်။ ရပိုင်ခွင့်တိုင်းတွင် ယင်းနှင့်လျော်ညီသော တာဝန်ရှိသည်။ တစ်ခါ တစ်ရံတွင် တာဝန်က ရပိုင်ခွင့်ကိုကျင့်သုံးသူပေါ်၌တည်၏။ အများပြောနေကျဆိုရိုးတစ်ခုက သင်၏လက်ကို လွှဲရမ်းမှုသည် ကျွန်ုပ်မေးရိုးကို မထိပါစေနှင့်ဟူ၏။ နောက်တစ်ချက်ကမူ တစ်ဦးတစ်ယောက်က ၎င်း၏ရပိုင်ခွင့်ကို အသုံးပြုစဉ်တွင် ကျန်တစ်ယောက်က မနှောင့်ယှက်ရချေ။ လူတစ်ဦးသည် ပရိသတ်မကြိုက်သော အစွန်းရောက် သဘောတရားများကို ဟောပြောကောင်း ဟောပြောနေမည်၊ သို့သော် သူ၏ လွတ်လပ်စွာ ပြောဟောခွင့်ကို ရဲများက ကြားဝင်အနှောင့်အယှက်ပေးပိုင်ခွင့် မရှိချေ။ တစ်ဦးတစ်ယောက်၏ အိုးအိမ်လုံခြုံမှုပိုင်ခွင့်ဟူသည် ရဲကဝရမ်းမပါဘဲ အိမ်ထဲဝင်ရောက်ခွင့်ကို ကန့်သတ်ထားခြင်း ဖြစ်ပါသည်။

### *အက်ဒမွန်ဘာ့ခ်၊ လွတ်လပ်သော အစိုးရတစ်ဖွဲ့ ထူထောင်ရန် ခက်ခဲရခြင်းအကြောင်း (၁၇၇၀)*

*အစိုးရတစ်ရပ်ကို*
*ဖွဲ့စည်းတည်ထောင်ရန်အတွက်*
*ဉာဏ်အမြော်အမြင်ကြီးမား ပြည့်စုံစရာ*
*မလိုချေ။ အာဏာကို အခြေခိုင်အောင်*
*လုပ်ဆောင်၊ အမိန့်နာခံတတ်ဖို့ကို*
*သင်ကြားပေးလျှင် အလုပ်ဖြစ်ပေပြီ။*
*လွတ်လပ်မှုကို ပေးရန် မှာမူ ပို၍ပင်*
*လွယ်ကူပါသည်။ ယင်းအတွက်*
*လမ်းပြညွှန်စရာပင် မလိုချေ။*
*လွတ်လပ်မှုကို*
*ပေးလိုက်ရန်သာဖြစ်လေသည်။ သို့သော်*
*လွတ်လပ်သော အစိုးရတစ်ဖွဲ့*
*တည်ထောင်ရန်ဆိုလျှင်မူ လွတ်လပ်မှုနှင့်*
*အလွန်အကျွံဖြစ်မှု တည်းဟူသော*
*ဝိရောဓိတရားကို ပေါင်းစည်းပေး*
*ရပေမည်။ သည့်အတွက် အတွေးအခေါ်၊*
*ဆင်ခြင်ဉာဏ်၊ အမြော်အမြင်နှင့်*
*ပေါင်းစည်းမှု စိတ်ဓာတ်တို့ဖြင့် ပြည့်ဝရန်*
*လိုအပ်ပေသည်။*